လိပ်သောင်ကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လိပ်သောင်ကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ နှစ်၊ မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	လိပ်သောင်ကျေးရွာ သယံဇာတပြဓေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) ငါးလုပ်ငန်း	
	(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍

နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။


မတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လိပ်သောင်ကျေးရွာ

ပုလောမြို့နယ်


လိပ်သောင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မှုန်ပြင်းမိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာနေပူ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	ဥယျာဉ်	စပါး	စပါး	စပါး	စပါး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	ဥယျာဉ်ကွမ်းသီး	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက်ပုံစံ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၈၀	၈၀	၂၅

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လိပ်သောင်ကျေးရွာသည် လိပ်သောင်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၈မိနစ်၃၃စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊ ၃၆စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ထိလုကျေးရွာ၊ အနောက်ဘက်တွင် လိပ်သောင် ကျေးရွာ၊ တောင်ဘက်တွင် တော်ဝင်ကျေးရွာ၊ မြောက်ဘက်တွင် ပြည်ခြား ကျေးရွာ တို့နှင့် ထိစပ် လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လိပ်သောင်ကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ လိပ်သောင် ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၉၅)လက်မဖြစ်ပါသည်။ လိပ်သောင်ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ သဘာဝ တိရစ္ဆာန် မျိုးစိတ်များမှာလည်း ယခုအခါ နည်းပါးလာပြီး လက်လှမ်းမမှီနိုင်တော့ပါ။ ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘိစပ်ရွက်၊လောက်သေရွက်များကို အနည်း ငယ်ရရှိ ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လိပ်သောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၉၅) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၉၇၄) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတရွာဖြစ်ပါသည်။

လိပ်သောင်ကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၉) ခုရှိပြီး ဂရုဏာရှင်ပရဟိတအဖွဲ့မှ ကျေးရွာ၏ ကျန်းမာရေးနှင့်ပတ်သက်၍ အရေးပေါ်လူနာတင်ယာဉ်ဖြင့် အခမဲ့ ဆောင်ရွက် ပေး လျက်ရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့မှ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ် ရေး စသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်ပြီး ကျေးရွာတွင်း အဖွဲ့အစည်း များဖြင့် ပူးပေါင်း ဆောင်ရွက်နေကြပါသည်။

လိပ်သောင်ကျေးရွာတွင် ချေးငွေအတွက် Vision Fund၊ Hana ၊ PNK အဖွဲ့တို့မှ အတိုး(၂ကျပ်၅ပြား)ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ

ထုတ်ချေး ပေးလျက်ရှိပါသည်။ ကျေးရွာအတွင်း လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လိပ်သောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ဥယျာဉ်ခြံမြေ(၃၈၉)ဧက၊ လယ်ယာမြေ(၂၀၉)ဧကနှင့် နှစ်ရှည်(၃၇၅.၅) ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသား တောင်သူ (၂၉)အိမ်ထောင် စု၊ **၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃၁) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူ လတ် (၃၉) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၂၆)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံ သီးနှံများ ကို အဓိကအားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏** (၃၅.၉၀%) **ခန့်ရှိပါသည်။** လိပ်သောင်ကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း နှင့် တံငါလုပ်ငန်းလုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့် အိမ်ထောင်စု(၃၀)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာ မများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ ပုဂ္ဂလိကရေပေး ဝေရေးလုပ် ကိုင်သည့်အိမ်ထောင်စု(၁)စုနှင့် ပုဂ္ဂလိကမီးဖြန့်ဝေ နေသည့်အိမ်ထောင်စု(၁)စု လည်းရှိပါ သည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက် သည့် အိမ်ထောင်စု နည်းပါး သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။**

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

လိပ်သောင် ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက်၊**ဘဲ** စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါ ကာကွယ်ရေး ဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးနိုင်ပါက ပိုမို အဆင်ပြေပါမည်။**လိပ်သောင်ကျေးရွာတွင် မွေးမြူရေးကို တနိုင်တပိုင်သာ မွေးမြူကြပါသည်။ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့်**

အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစုများ အလွယ်တကူဝယ် ယူနိုင်ခြင်းကလည်း ကျေးရွာရှိ အိမ်ထောင်စု များအတွက် မွေးမြူရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းများဖြစ်ပါသည်။လိပ်သောင်ကျေးရွာတွင် ရွာသူ/သားများသည် မွေးမြူရေး ကဏ္ဍအတွက် စိတ်ပါဝင်စားမှု အားနည်းပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အလေးထား လုပ်ကိုင်ကြပါသည်။ ထို့အပြင် ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား ကောင်းမွန်မှု မရှိခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးမြှင့်ပေးနိုင်မည့် လုပ်ငန်းအမျိုး အစားအသစ်တစ်ခု အတွက် အဟန့်အတားဖြစ်စေပါသည်။ ထို့ကြောင့် မွေးမြူရေး လုပ်ငန်းကို စီးပွါးဖြစ်မွေးမြူနိုင်ရန် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာဝန်ဆောင်မှု သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လိပ်သောင်ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှု အားနည်းပါသည်။လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်ခြင်း၊ လျှပ်စစ်မီး ရရှိနိုင်ခြင်း၊ အသေးစား လုပ်ငန်းများ အတွက် ဈေးကွက်အသိအမြင် အသင့်အတင့်ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစား အလတ်စား စီပွားရေးလုပ်ငန်းများအတွက် အသက်မွေးမှု ပြုနိုင်သည့် အခွင့်အလမ်းကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ လိပ်သောင်ကျေးရွာ၏ စိုက်ပျိုးမွေးမြူ ရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်း ပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူ နည်းပါးခြင်း၊ **အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရှိသော်လည်း ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေတိုးတက် စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အတွက် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ် နေပါသည်။**

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ဘဏ်မှ ထုတ်ချေးငွေသည် တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်း ထုတ် ချေးပေးပါ သည်။ ကုန်ကျစရိတ်မှာ တစ်ဧကလျှင်(၁၅၀၀၀၀)ကျော်ခန့်ရှိသဖြင့် လုံလောက်မှုမရှိပါ။ ချေးငွေများကို ပြန်လည်ပေးဆပ်အချိန်ကျပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲရောင်းချရခြင်း၊ အခြား မှငွေယူ၍ ရောင်းချခြင်းစသည့်အခက်အခဲများရှိပါသည်။ လယ်သမားများအနေဖြင့်

လုံလောက်သော ချေးငွေပမာဏကို ကာလရှည်ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ် ပါသည်။ **လိပ်သောင်ကျေးရွာတွင်** ချေးငွေအတွက် Vision Fund၊ Hana ၊ PNK အဖွဲ့တို့မှ အတိုး(၂ကျပ်၅ပြား)ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် ကျေးလက်ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျပ်သိန်း (၃၀၀)ရရှိထားသောလည်း အသေးစားစီးပွားရေး လုပ်ကိုင်ရန်သာ အဆင်ပြေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လိပ်သောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုမှုမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာကျီ၊ ကားများကိုသာ အများဆုံးအသုံးပြုကြပါသည်။ စက်ဘီး စီးရေမှာ(၁၇)စီး ၊ဆိုင်ကယ်(၁၁၀)စီး၊ ထော်လာကျီ(၁)စီး၊ မော်တော်ကား(၂)စီး၊ နွားလှည်း (၁)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေး တွင် အဓိက အသုံးပြုကြပါသည်။

ပြည်ထောင်စုမိန်းလမ်းမကြီးမှ လိပ်သောင်ကျေးရွာသို့ ဝင်ရောက်မည့် (၁) ချဉ်းကပ်လမ်း(၆.၅)မိုင်မှာ မြေသားလမ်းကြမ်း ဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း သွားလာရ ခက်ခဲခြင်းတို့ကြောင် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ (၁) ရွာတွင်းလမ်း(၁၄၆၀'-၁၂'-၄") / (၂) ရွာတွင်းလမ်း(၁၅၁၀'-၁၂'-၄")/ (၃) ရွာပတ်လမ်း (၁/၀)မိုင်တို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ကမ်းနံဖူးများ ရေတိုက်စားခြင်းမှ ကာကွယ်ရန် မြေထိန်းကျောက်နံရံ(၁၅၀၀)ပေအား ပြုလုပ်ရန် လည်း လိုအပ်နေပါသည်။

လိပ်သောင်ကျေးရွာတွင် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် အသုံးပြု နေသော ဆိပ်ခံတံတားသည် ကြိုးမဲ့ပျက်စီးသည့်အတွက် ရေလုပ်ငန်းများ၊ အရောင်းအဝယ်သမား များမှာ အခက်အခဲရှိပါဖြင့် ရေဆိပ်ခံတံတား(၄၀၀ပေ-၅ပေ) (၁)စင်း တည်ဆောက်ရန် လိုအပ် နေပါသည်။လိပ်သောင် -တော်ဝင် ချဉ်းကပ်လမ်းပေါ်တွင် ရေပြွန်(၄)လုံး တည်ဆောက်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လိပ်သောင်ကျေးရွာတွင် ကျေးရွာမှ ပုဂ္ဂလိက မီးလင်းရေး စနစ်ဖြင့် (၁)လလျှင်

(၁၀၀၀၀/)ကျပ်ဖြင့် ည(၆:၀၀)နာရီမှ(၉:၀၀)နာရီအထိ ဒီဇယ်အင်ဂျင်မီးရရှိပါသည်။ တချို့အိမ်ထောင်စုများမှာ ဆိုလာ၊ ဒီလာမီး(၂)ခုစလုံး အသုံးပြုကြပါသည်။ ကျန်သော (၂၀)မှာ ငွေကြေးခက်ခဲတို့ကြောင့် ဖယောင်းတိုင်နှင့် ဆီမီးခွက်စသည်တို့ကို အသုံးပြု နေဆဲ ဖြစ်သည်။ထို့ကြောင့် ကျေးရွာတွင် (၂၄)နာရီ လျှပ်စစ်မီးရရှိရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ် နေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လိပ်သောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၈၀) လုံး၊ တီဗွီ(၁၀၁)လုံး၊ကြိုလ်တုစလောင်း(၄၈)စသည်တို့မှ ရရှိ ပါသည်။ လိပ်သောင်ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင်ရှိသော်လည်း လိုင်းအား မကောင်းပါ။ သဘာဝဘေး အန္တရာယ်လျော့ချရေး အစီအစဉ်များ ပြင်ဆင်ထားမှုများ မရှိကြသဖြင့် သဘာဝဘေးအန္တရာယ် တစ်ခုခု ကျရောက်လာပါက အခက်ကြုံ ရနိုင်သဖြင့် သင်တန်းပေး ခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ မှုခင်း များဖြစ်ပွါးပါက လမ်းပန်း ဆက်သွယ်ရေး မကောင်း မွန်သောကြောင့် အခက်အခဲရှိပါသည်။

၆။ ပညာရေး

လိပ်သောင်ကျေးရွာ၏ လက်ရှိသင်ကြားနေသော ကျောင်းသားဦးရေ စာရင်းမှာ မူလတန်းအဆင့်(၇၄)ဦး၊ အလယ်တန်းအဆင့်(၅၅)ဦး၊ အထက်တန်းအဆင့်(၁၇)ဦး၊ တက္ကသိုလ်အဆင့်(၁၁)ဦးရှိပါသည်။

လိပ်သောင်ကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်းတစ်ခုရှိပြီးငင်းကျောင်း မှာ စာသင်ကျောင်းဆောင်(၃)ဆောင်ရှိပါသည်။ ကျောင်းဆောင် **(၃၀' – ၁၆၀') တွင်**အမိုးနှင့် တံခါး ပေါက်များ ပြုပြင်ရန်နှင့်ကျောင်းဆောင် **(၃၀' – ၆၀')** မျက်နှာကျက်၊နံရံအချောကိုင် ပြုပြင် ရန် လိုအပ်နေပါသည်။ ကျောင်းသုံး ပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းရန်နှင့် ကျောင်း အားကစား ကွင်းပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။ ကျွဲ၊ နွားများ ဝင်ရောက် ခြင်းနှင့် ကျောင်းလုံခြုံရန်အတွက် **ကျောင်းခြံစည်းရိုး(၉၂၀)ပေ ကာရံရန်နှင့် အိမ်သာ(၂) ခန်းတွဲ အိမ်သာ(၁)လုံး တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျောင်းသောက်သုံးရေ အဆင်ပြေစေရန်အတွက် ကျောင်းရေတွင်းဟောင်း ပြန်လည်ပြုပြင်ရန် လိုအပ်လျက်ရှိပြီး** ဆရာ/ဆရာမ (၂) ဦး ဖြည့်တင်းရန်လည်း လိုအပ်လျက် ရှိပါသည်။

လိပ်သောင်ကျေးရွာတွင် စာမတတ်သူဦးရေ(၂.၆၇%)၊ ကျေးရွာလူဦးရေ၏ (၇၅.၄၆%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ (၁၁.၆၀%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၁.၅၄%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိ သူဦး ရေမှာလည်း(၁.၆၄%) အထိ ရှိပြီး အတန်းပညာ တတ်မြောက်မှုများလာသော ကြောင့် အနာဂတ် ကာလ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ရရှိစေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

လိပ်သောင်**ကျေးရွာတွင် ကျေးရွာဆေးပေးခန်း**ရှိသဖြင့် ကျေးရွာရှိ **ဆရာမများမှ ကာကွယ်ဆေးများထိုးပေးလေ့ရှိပါသည်။ လိပ်သောင်ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာန(ခွဲ)တွင် ဆေး ဝါး အသုံးအဆောင်များ လုံလောက်စွာ ဖြည့်တင်းခြင်း၊ဆေးခန်းသုံး ပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။ ဆေးပေးခန်းရှိသော်လည်း ယင်လုံအိမ်သာ သုံးစွဲမှု အားနည်းသောကြောင့် ကျန်းမာရေးအ သိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။**

လိပ်သောင်ကျေးရွာတွင် ရေတံခွန်မှ သွယ်တန်းထားရှိသော ပုဂ္ဂလိက စိမ့်စမ်းရေပေးဝေရေးမှ (၁)ယူနစ်လျှင် (၁၀၀၀)ကျပ်ဖြင့် ရေများဖြန့်ဝေပေးလျက်ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ရေတွင်းမှ ခပ်ယူသုံးစွဲကြပါသည်။

လိပ်သောင်ကျေးရွာတွင် ကျန်းမာရေးအသိပညာ အားနည်းသဖြင့် ယင်လုံအိမ်သာ အိမ်သာသုံးစွဲမှု နည်းပါးပါသည်။ မြေနေရာ လုံလောက်မှု မရှိခြင်း၊ ဗဟုသုတအား နည်းခြင်းကြောင့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လိပ်သောင်ကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ ပြန်လည် ဖြည့်တင်းသည့် စနစ်အား ကျင့်သုံးမှု အားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်း ရင်း တစ်ခုဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာပံ့ပိုး ပေးနိုင်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုးနှင့် ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု စနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျစွန့်ပစ်ခြင်း၊ အမျိုးအစားအလိုက်

ပြန်လည် အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာတွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှ လုပ်ငန်းစဉ်အဆင့်ဆင့်အား ကျေးရွာ သူ/သား များ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုရှိပါသည်။ သာရေး/နာရေးကိစ္စများတွင်လည်း ပါဝင်မှုအားကောင်းပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများ လူထုအသိအမြင်အားနည်းသဖြင့် အသိပညာ ပေးဟောပြောပွဲများပြုလုပ်ပေးစေလိုပါသည်။**လိပ်သောင်ကျေးရွာတွ**င် စာကြည့်တိုက် ရှိသော်လည်း စာဖတ်သည့် အလေ့အထ မရှိခြင်းကြောင့် စာကြည့်တိုက် ဖွင့်လှစ်ခြင်းမရှိတော့သဖြင့် စာကြည့် တိုက်ပြန် လည် ဖွင့်လှစ်နိုင်ရေး ဆွေးနွေး လှုံ့ဆော်ခြင်းများ ပြန်လည်ပြုလုပ်ရန် လိုအပ်နေပါသည်။ အင်တာ နက်လိုင်းမှာ လည်း ကောင်းမွန်မှုမရှိပါ။ လူငယ်များအနေဖြင့် အပန်းဖြေအနားယူရန် နေရာ မရှိသဖြင့် ကျန်းမာရေး ဘက်လိုက် စားနိုင်ရေး ကျေးရွာ အားကစားကွင်းများ ပြုလုပ်ပေး ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

No.	Sector	Subsector	Project Keyword	Project & Activities	Remark
စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း(၁၄၆၀'-၁၂'-၄")အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း	ပထမ
၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း(၁၅၁၀'-၁၂'-၄")အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ရွာပတ်လမ်း(၁/၀)မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း	ဒုတိယ
၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	လိပ်သောင်-တော်ဝင်ချဉ်းကပ် လမ်း(၆.၅)မိုင် အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	တတိယ
၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ကွန်ကရစ်ဆိပ်ခံတံတား(၄၀၀'-၅') (၁)စင်းတည်ဆောက်ခြင်း	

၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကျေးလက် လမ်းတံတား	ကမ်းနံဖူးများရေတိုက်စားခြင်းမှ ကာကွယ်ရန် မြေထိန်းကျောက်နံရံ(၁၅၀၀)ပေအား ပြုလုပ်ခြင်း	
၇	စိုက်ပျိုးရေး	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်း များ ပြုလုပ်ပေးခြင်း	
၈	မွေးမြူရေးနှင့်ငါး လုပ်ငန်းမွေးမြူရေး ဆေးပညာ	မွေးမြူရေးနှင့် ကုသရေး ပညာပေး၊ နည်း ပညာ ပြန့်ပွားရေး	နည်းပညာ	စီးပွားဖြစ် မွေးမြူရေး နည်းပညာသင်တန်းများ လိုအပ်ခြင်း	
၉	ထုတ်ကုန်လုပ်ငန်း နှင့်အသေးစားအလတ်စ ားစီးပွားရေးလုပ်ငန်းမျ ားဆိုင်ရာ	အခြား ထုတ်ကုန်လုပ်ငန်းများ၊ အသေးစား အလတ်စား နှင့် အကြီးစား လုပ်ငန်း ဆိုင်ရာများ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းနည်းပညာ(ဆိုင်ကယ်/ စက်ပြင်၊ အပ်ချုပ်စက်၊ အလှပြင်၊ လက်သမား၊ ပန်းရံ) သင်တန်းများ ပြုလုပ်ပေးခြင်း	
၁၀	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ဆရာ၊ ဆရာမ	ဆရာ/ဆရာမ (၂) ဦး လိုအပ်ခြင်း	
၁၁	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင် (၃၀' – ၁၆၀') အမိုး၊ တံခါးပေါက် ပြုပြင်ခြင်း	
၁၂	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းဆောင် (၃၀' – ၆၀') မျက်နှာကျက်၊နံရံအချောကိုင် ပြုပြင်ခြင်း	
၁၃	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံး ပရိဘောဂများ ဖြည့်တင်းခြင်း	
၁၄	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းအားကစားကွင်းလိုအပ်ခြင်း	

၁၅	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	အိမ်သာ(၂)ခန်းတွဲ အိမ်သာ(၁)လုံး တည်ဆောက်ခြင်း	
၁၆	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး(၉၂၀)ပေ ကာရံခြင်း	
၁၇	ပညာရေး	အခြေခံ ပညာရေး ဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းရေတွင်းဟောင်း ပြန်လည်ပြုပြင်ခြင်း	
၁၈	စိုက်ပျိုးရေး	လယ်ယာမြေပိုင်ဆိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမေ	မြေ	တမံပင့်ထောက်ခြင်း(၃၅၀၀)ပေ	
၁၉	လျှပ်စစ်	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	အခြားနည်းစနစ်များဖြင့် မီးလင်းစေရေး	အိမ်တိုင်းစေ့(၂၄)နာရီမီးရရှိရေး တင်ပြခြင်း	
၂၀	လူငယ်နှင့်အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး	အမျိုးသမီး	အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာတရား ဥပဒေအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	
၂၁	လူငယ်နှင့် အားကစား	အားကစားနှင်ကာယပညာရပ် ဆိုင်ရာ၊အားကစားကွင်း၊ အားကစားပစ္စည်း	အားကစား	ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း	
၂၂	သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	အသိပညာပေးဆွေးနွေးပွဲ	သဘာဝဘေး လျှော့ချရေး:	သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာ ပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း	
၂၃	စိုက်ပျိုးရေး	လယ်ယာလုပ်ငန်းသုံးစက်ကိရိ	စက်	လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	

		ယာနှင့် စက်မှလယ်ယာ			
၂၄	သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်	အသိပညာပေးဆွေးနွေးပွဲ	အညစ်အကြေး	အမှိုက်စွန့်ပစ်ရေးစနစ်ကျစေရန် အသိပညာ ပေးလုပ်ဆောင်ခြင်း	
၂၅	လူငယ်နှင့်အားကစား	အသိပညာပေးဆွေးနွေးပွဲ	လူငယ်အခွင့်အရေး	စာကြည့်တိုက် ပြန်လည်ပတ်နိုင်စေရန် ဆွေးနွေးလုပ်ဆောင်ခြင်း	
၂၆	ကျန်းမာရေး	ကျန်းမာရေးအသိပညာပေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်း	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း	
၂၇	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု /ကျေးလက်ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်း	ဆေးဝါးအသုံးအဆောင်များ လုံလောက်စွာ ဖြည့်တင်းခြင်း	
၂၈	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု /ကျေးလက်ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်း	ဆေးခန်း ပရိဘောဂများ ဖြည့်တင်းခြင်း	

လိပ်သောင်ကျေးရွာ၊ လိပ်သောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရဲမြင့်	ဦးဘဘ	ဖ/ပလန(နိုင်)၀၂၂၅၀၅	၆၉	နာယက	09762048893
၂	ဦးမျိုးချစ်	ဦးဘသီး	ဖ/ပလန(နိုင်)၀၃၉၂၆၁	၆၅	ရပ်မိရပ်ဖ	09451912627
၃	ဦးသင်းဖေ	ဦးရွှေအောင်	ဖ/ပလန(နိုင်)၀၂၉၄၅၇	၆၀	ရပ်မိရပ်ဖ	–
၄	ဦးကြည်တင်	ဦးအုန်းကျင်	ဖ/ပလန(နိုင်)၁၁၇၄၆၉	၅၇	ရပ်မိရပ်ဖ	–
၅	ဦးပိုအေး	ဦးဘကြည်	ဖ/ပလန(နိုင်)၀၂၄၂၂၉	၅၇	ရပ်မိရပ်ဖ	–
၆	ဦးစစ်လှိုင်	ဦးဘု	ဖ/ပလန(နိုင်)၀၂၁၅၁၆	၇၄	ဥက္ကဋ္ဌ	09444427251
၇	ဦးဝင်းစိုး	ဦးကြည်ထွေး	ဖ/ပလန(နိုင်)၁၀၆၆၅၂	၂၇	အတွင်းရေးမှူး	
၈	ဦးဟုန်ရှင်	ဦးဖိုးမဲ	ဖ/ပလန(နိုင်)၀၂၄၂၉၂	၆၇	ဘဏ္ဍာရေးမှူး	0926254919
၉	ဦးလှဝေ	ဦးမောင်မြင့်	ဖ/ပလန(နိုင်)၀၃၄၇၇၇	၆၂	စာရင်းကိုင်	
၁၀	ဦးကျော်ရှင်	ဦးသက်ညွှန့်	ဖ/ပလန(နိုင်)၀၂၂၅၃၇	၇၁	စာရင်းစစ်	
၁၁	ဦးမောင်မြင့်	ဦးစိန်ထူး	ဖ/ပလန(နိုင်)၀၂၂၄၆၆	၇၉	အဖွဲ့ဝင်	
၁၂	ဦးထိန်လင်း	ဦးထူးလှိုင်	ဖ/ပလန(နိုင်)၀၂၂၂၅၂	၆၆	အဖွဲ့ဝင်	09453107847
၁၃	ဦးသန်းဝေ	ဦးချစ်	ဖ/ပလန(နိုင်)၀၆၇၃၃၁	၅၈	အဖွဲ့ဝင်	
၁၄	ဦးထွန်းလွင်	ဦးအောင်သိန်း	ဖ/ပလန(နိုင်)၀၅၀၃၃၂	၄၂	အဖွဲ့ဝင်	09450586078
၁၅	ဦးလွင်ကို	ဦးစစ်ထွန်း	ဖ/ပလန(နိုင်)၀၄၈၈၆၉	၄၃	အဖွဲ့ဝင်	09260338334

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၄	၉
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၅	၁၂	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၄	၂၉	၅၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၄၉	၉၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၆	၃၈၁	၇၁၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၄	၃၅	၆၉
စုစုပေါင်း		**၄၄၆**	**၅၁၀**	**၉၇၄**
စုစုပေါင်း အိမ်ထောင်စု		**၁၉၅**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ လိပ်သောင်ကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၁၉၅)စု၊ လူဦးရေ (၉၇၄)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ် အောက်နို့စို့ အရွယ် (၀.၉၂%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၂.၇၇ %)၊ မူလတန်းကျောင်း သား အရွယ် (၅.၄၄%)၊ အလယ်တန်းကျောင်းသား အရွယ် (၁၀.၁၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၀၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၆.၃၉)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၃၃၆) ဦး၊ မ (၃၈၁) ဦး စုစုပေါင်း (၇၁၇) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၇၃.၆၁)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၉၉) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင် စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာ အတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသား အရင်းအမြစ် အထောက်အပံ့ များ ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး (ဥယျာဉ်ခြံ)**				
	ကိုယ်ပိုင် လုပ်ငန်း	၂၇	၃၀	၁၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅	၁	မြင့်□လတ်□နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၃၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၄၁	၄၈	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၆	၁	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၄		မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅	-	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-		မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၃	၉	မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၃	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား / ကျပန်း /	၈၂	၁၁၉	၃၆၈	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂ခ	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၁၉၅	၂၅၀	၄၂၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။

။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ လိပ်သောင်ကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံလုပ်ငန်း နှင့် တံငါလုပ်ငန်းလုပ်ကိုင် ကြပါသည်။ မိုးစပါးစိုက်ပျိုးပြီး စိုက်ပျိုးသည့်အိမ်ထောင်စု(၃၀)စု ရှိပါသည်။ **တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ အဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ ပုဂ္ဂလိကရေပေးဝေရေးလုပ်ကိုင်သည့်အိမ်ထောင်စု(၁)စုနှင့် ပုဂ္ဂလိကမီးဖြန့်ဝေနေသည့်အိမ်ထောင်စု(၁)စု လည်းရှိပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပို့များရခြင်း ဖြစ်ပါသည်။**

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၈၀၀၀		၃၀၀၀	
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ ×၈)

လေ့လာတွေ့ရှိချက်။ ။လိပ်သောင်ကျေးရွာတွင် လုပ်သမားများ၏ လုပ်အားခသည် မိသားစုစား ဝတ်နေရေးဖူလုံနိုင်သော်လည်း ပုံမှန်ဝင်ငွေအလုပ်မရှိခြင်းကြောင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၀၉	ကောင်း ☐	သင့်√	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၈၉	ကောင်း ☐	သင့်√	ညံ့ ☐
နှစ်ရှည်သီးနှံစိုက်ခင်း	၃၇၅.၅	ကောင်း √	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
အခြား	၄၉	ကောင်း ☐	သင့်√	ညံ့ ☐
စုစုပေါင်း	၁၀၂၄.၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လိပ်သောင်ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့် ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူတစ်ချို့မှာ ရေလုံလောက်မှု မရှိ သဖြင့် မိုးရေကိုသာအသုံးပြုပြီး မိုးရာသီတစ်ကြိမ်တည်းကိုသာ စိုက်ပျိုးကြရသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ√	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်	များ☐ သင့်☐ နည်း☐ မရှိ√	လွယ်☐ ခက်☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စသည်များ		အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ိုး)	များ☐ သင့်☐ နည်း√ မရှိ☐	လွယ်☐ ခက်√ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း√ မရှိ☐	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☐လက်လှမ်းမမီ√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လိပ်သောင်ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ သဘာဝ တိရစ္ဆာန် မျိုးစိတ်များမှာလည်း ယခုအခါ နည်းပါးလာပြီး လက်လှမ်းမမှီနိုင်တော့ပါ။ ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘိစပ်ရွက်၊လောက်သေရွက်များကို အနည်း ငယ်ရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင် စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့် ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေး လုပ်ငန်း	**စီးပွား (ဝင်ငွေ) အလွန်ကောင်း**	**စီးပွား (ဝင်ငွေ) အသင့်အတင့်**	**စီးပွား (ဝင်ငွေ) နည်း**	**စီးပွား (ဝင်ငွေ) အလွန်နည်း**

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၁၀	၈၀	၈၀	၂၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ **လိပ်သောင်**ကျေးရွာ၏အခြေအနေအား ကျေးရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရသိရှိခဲ့ရပါသည်။ အဆင်ပြေ သော အိမ်ထောင်စုမှာ (၅.၁၃%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၄၁.၀၂%) ရှိပြီး ကိုယ်ပိုင်စိုက် ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်း ခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၉	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___၆_____ လုပ်အားခကြိုယူ = ___၃__ _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၃___

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ___၃__ _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ___ _၂_____ လုပ်အားခကြိုယူ = ____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ လိပ်သောင်ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း၏(၃၀)%စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့ပါသည်။ကျေးရွာတွင် ချေးငှါးခြင်း နှင့် လုပ်အားခ ကြိုတင်ယူခြင်းမျှသာရှိပါသည်။အစားလျှော့စားခြင်း၊ အထောက်အပံ့ ယူခြင်းမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၄	၅	၉
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၇		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၇		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လိပ်သောင်ကျေးရွာတွင် သက်ကြီးရွယ်အို(၉)ဦးတို့မှာ ထိခိုက်လွယ်သောအိမ်ထောင်စုများနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး၏(၉%)ခန့်သည် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများဖြစ်ပြီး ဆင်းရဲသည့်မိသားစုများဖြစ်ကြ

ပါသည်။ မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၇)ဦးမှာ ဆင်းရဲပြီးထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □	လတ်√	နိမ့် □	မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မြင့် □	လတ် □	နိမ့်√	မရှိ□
၃	ရေကြီးခြင်း	မြင့် √	လတ် □	နိမ့် □	မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □	လတ် □	နိမ့်√	မရှိ□
၅	အအေးလွန်ကဲခြင်း	မြင့် □	လတ် □	နိမ့်√	မရှိ□
၆	မုန်တိုင်း	မြင့် □	လတ်√	နိမ့် □	မရှိ □
၇	ငလျင်	မြင့် □	လတ် □	နိမ့်√	မရှိ□
၈	မီးဘေး	မြင့် □	လတ် □	နိမ့်√	မရှိ□
၉	ဆားငန်ရေဝင်မြေ	မြင့် √	လတ် □	နိမ့် □	မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □	လတ်√	နိမ့် □	မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် √	လတ် □	နိမ့် □	မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ□
၁၃	တီဘီရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □	လတ် □	နိမ့်√	မရှိ□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □	လတ် □	နိမ့်√	မရှိ□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် √	လတ် □	နိမ့် □	မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □	လတ် □	နိမ့်√	မရှိ□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် √	လတ် □	နိမ့် □	မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်သောင်ကျေးရွာသည် ပင်လယ်ရွာဖြစ်သည့်အတွက် တစ်ခါတစ်ရံမုန်တိုင်းများကျရောက်ခြင်း၊ရေကြီးခြင်း၊ ဆားငန် ရေဝင်ရောက်တိုက်စားမှုကြောင့် မြေပြိုမှုများလည်းရှိသောကြောင့် အန္တရာယ်ရှိပါသည်။ သစ်တောပြုန်းတီးမှုရှိနေသောကြောင့် သဘာဝပတ်ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ်√ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် √ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် √ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် √ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် √ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ်☐ နိမ့်√ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ်☐ နိမ့်√ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် √ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် √ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ်☐ နိမ့်√ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ √
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် √ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်√ မရှိ ☐
၁	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် √ နိမ့်☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၉		
၂၀	**ကားမောင်းပြီး အသက်မွေးသူများ**	မြင့် √ လတ်□ နိမ့်□ မရှိ □
၂၁	**အခြား**	မြင့် √ လတ်□ နိမ့်□ မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လိပ်သောင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ၊ မြေယာမဲ့၊ဆင်းရဲသားတောင်သူများ၊ မြစ်ကမ်းနံဘေး နေထိုင်သူများ၊ မြေနိမ့်ပိုင်း တွင်နေထိုင်သူများ၊ လက်လုပ်လက်စားကျဘမ်းသမားများနှင့် ကားမောင်းသမားများသည် ထိခိုက် လွယ်မှုမြင့်အဆင့်ရှိပြီး လူငယ်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သောအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ဈေးရောင်းသူများသည် ထိခိုက်နိုင်မှုလတ်အဆင့်တွင်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

